ပါဠိ ကျမ်းဂန်များတွင် ဇာတကခေါ် ဘုရားလောင်းနှင့် သက်ဆိုင်သည့် အဖြစ်တော်များ ရှိသည်။ ထိုဖြစ်တော်များမှာ အရေအတွက်အားဖြင့် (၅၄၇) ဇာတ်ရှိသည်။ သို့သော် အခေါ်ရလွယ်စေရန်အတွက် ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ် ကြသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်ဟု ခေါ်သဖြင့် မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မမူမီ ဘဝ ငါးရာ့ငါးဆယ်သာ ကျင်လည်ခဲ့ရသည်ဟု မမှတ်အပ်ပေ။ ငါးရာ့ငါးဆယ် ဇာတ်ကြောင်းတို့မှာ နမူနာငါးရာ ရင့်မှာတစ်ကျိပ် ဟူသောစကားရပ်အရ အခါအားလျော်စွာ ဟောကြားတော်မူခဲ့သော ပါရမီနုစဉ်ကာလမှ အဖြစ်အပျက် အကြောင်းအရာအချို့သာ ဖြစ်ကြသည်။

ဘုရားအလောင်းတော်၏

အတိတ်ဘဝ(၅၄၇)ဘဝ

===================

၁။ စကြဝတေးမင်း......( 1 ) ဘဝ

၂။ မင်း.ဘုရင်..............( 60 ) ဘဝ

၃။ မင်းသား.................( 16 ) ဘဝ

၄။ အမတ်...................( 49 ) ဘဝ

၅။ ပုဏ္ဏား....................( 25 ) ဘဝ

၆။ သူဌေးသူကြွယ်........( 34 ) ဘဝ

၇။ ရသေ့.....................( 108 ) ဘဝ

၈။ ပညာရှိလုလင်.........( 22 ) ဘဝ

၉။ ကုန်သည်...............( 13 ) ဘဝ

၁၀။ ဆေးဆရာ.............( 1 ) ဘဝ

၁၁။ ဆင်ဆရာ..............( 2 ) ဘဝ

၁၂။လတ်သမားဘဝ.......( 1 ) ဘဝ

၁၃။ ပန်းပဲသမား.............( 1 ) ဘဝ

၁၄။ လယ်လုပ်မျိုး...........(   5 ) ဘဝ

၁၅။ စည်တီးမျိုး..............(   1 ) ဘဝ

၁၆။ ခရုသင်းမှုတ်မျိုး.......(   1 ) ဘဝ

၁၇။ စောင်းသမား............(  1 ) ဘဝ

၁၈။ တောဆိုးအကြီး........(  1 ) ဘဝ

၁၉။ ဆတ္တာသည်.............(  1 ) ဘဝ

၂၀။ ကျောက်သွေးသမား..(  1 ) ဘဝ

၂၁။ အိုးထိန်းသည်............(  1 ) ဘဝ

၂၂။ ဒွန်းစဏ္ဍားဘဝ...........(  3 ) ဘဝ

၂၃။ သူခိုးကြီး..................(  2 ) ဘဝ

၂၄။ လုလင်......................(  7 ) ဘဝ

၂၅။ သကြားမင်း...............( 19 ) ဘဝ

၂၆။ ဗြဟ္မာမင်း..................(  1 ) ဘဝ

၂၇။ ရုက်ခစိုး.....................( 31 ) ဘဝ

၂၈။ သမုဒ္ဒရာစောင့်နတ်......(  3 ) ဘဝ

၂၉။ ကောင်းကင်စောင့်နတ်.(  5 ) ဘဝ

၃၀။ သာမန်နတ်.................(  6 ) ဘဝ

၃၁။ ခြသေ့်........................( 11 ) ဘဝ

၃၂။ ဆင်ဖြူ.......................(  4 ) ဘဝ

၃၃။ သာမန်ဆင်.................(  3 ) ဘဝ

၃၄။ မြင်း...........................(  4 ) ဘဝ

၃၅။ နွား............................( 5 ) ဘဝ

၃၆။ကျွဲ..............................( 1 ) ဘဝ

၃၇။ ဆက်.........................( 3 ) ဘဝ

၃၈။ သမင်........................( 7 ) ဘဝ

၃၉။ သာရဘသားမျိုး..........( 1 ) ဘဝ

၄၀။ ယုန်...........................( 1 ) ဘဝ

၄၁။ ခွေး...........................( 1 ) ဘဝ

၄၂။ မြေခွေး......................( 2 ) ဘဝ

၄၃။ ဝက်...........................( 1 ) ဘဝ

၄၄။ ဖွတ်...........................( 3 ) ဘဝ

၄၅။ ကြွက်.........................( 2 ) ဘဝ

၄၆။ မျောက်......................( 12 ) ဘဝ

၄၇။ ကိန်နရာ.....................( 1 ) ဘဝ

၄၈။ ဟင်္သာ........................( 9 ) ဘဝ

၄၉။ ဥဒေါင်း.......................( 3 ) ဘဝ

၅၀။ ဥသျှ............................( 2 ) ဘဝ

၅၁။ ကျေး..........................( 9 ) ဘဝ

၅၂။ ကြက်.........................( 2 ) ဘဝ

၅၃။ ခါ...............................( 2 ) ဘဝ

၅၄။ ခို...............................( 6 ) ဘဝ

၅၅။ ငုံး..............................( 4 ) ဘဝ

၅၆။ စက္ကဝတ်......................(  2 ) ဘဝ

၅၇။ ဋွင်းတ.........................(  4 ) ဘဝ

၅၈။ တင်ကြီး......................(  1 ) ဘဝ

၅၉။ ကျီး............................(  2 ) ဘဝ

၆၀။ စာဝတီး .....................(  1  ) ဘဝ

၆၁။ သစ်တောက်ငှတ်...........( 1 ) ဘဝ

၆၂။ ဘီလုံးငှတ်....................( 1 ) ဘဝ

၆၃။ သာမာန်ငှတ်.................( 5 ) ဘဝ

၆၄။ ဂဠုန်............................( 2 ) ဘဝ

၆၅။ နဂါး.............................( 4 ) ဘဝ

၆၆။ ငါး...............................( 3 ) ဘဝ

၆၇။ ဖား..............................( 1 ) ဘဝ

မှတ်ချက်

========

ဘဝတစ်ခုခု၌ နောက်ဆုံးအနိစ္စ

ရောက်သည့်ဘဝကိုမှတ်ယူသည်။

ဥပမာ.မဟာဇနကမင်းသည်တောထွက်၍၊

နောက်ဆုံး ရသေ့ဘဝဖြင့်နိဂုံးချုပ်သောကြောင့်

ရသေ့ဘဝသို့သာ၊ သွင်းမှတ်ယူပါသည်။

ပေါ်ပေါက်လာပုံ

ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများ၏ အခြေခံဖြစ်သော ပါဠိဂါထာတော်များကို သုတ္တန်၊ ခုဒ္ဒကနိကာယ် နှင့် ပါဠိဇာတ်တော် ပါဠိတော်များတွင် တွေ့ရသည်။ ထိုဇာတ်တော် (၅၄၇) ခုတွင် မြန်မာတို့ အတိုကောက်အားဖြင့် "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ" ဟု အမှတ်အသား ပြုထားသော ဇာတ်ကြီး ဆယ်ဘွဲ့လည်း အပါအဝင် ဖြစ်သည်။ ငါးရာ့ငါးဆယ် ဇာတ်တို့တွင် မြတ်စွာဘုရား အလောင်းတော်သည် လူအဖြစ် (၃၅၇) ဘဝ၊ နတ်အဖြစ် (၆၅) ဘဝ၊ ကုန်းသတ္တဝါအဖြစ် (၆၀) ဘဝ၊ ကောင်းကင် သတ္တဝါအဖြစ် (၅၇) ဘဝ၊ ရေသတ္တဝါအဖြစ် (၈) ဘဝ ကျင်လည်ခဲ့တော် မူလေသည်။

## ဇာတ်ပါဠိတော်

မြတ်စွာဘုရားရှင်သည် ငါးရာ့ငါးဆယ် ဇာတ်တော်များကို ပါဠိဘာသာဖြင့် ဂါထာဖွဲ့၍ ဟောတော်မူခဲ့သည်။

## ဇာတ်အဋ္ဌကထာများ

အေဒီ (၆) ရာစုခန့်တွင် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့ တောင်ဘက် မဟာဝိဟာရ ကျောင်းတိုက်၌ အရှင် ဗုဒ္ဓဃောသ မထေရ်သည် ထိုဂါထာများကို ပါဠိဘာသာဖြင့် အဋ္ဌကထာ ဖွင့်ဆို ရေးသားတော်မူလေသည်။

အဋ္ဌကထာဆိုသည်မှာ ပါဠိတော်ရင်း၌ ခက်ခဲကွယ်မြုပ်နေသော အနက် အဓိပ္ပာယ်တို့ကို ရှင်းလင်းဖော်ထုတ်၍ ဝတ္ထုကြောင်းနှင့် တကွ အကျယ်ဖွင့်ပြသော ကျမ်းမျိုးကို ခေါ်သည်။

## ဇာတ်ဋီကာများ

သာသနာတော် ၉၃၀ လောက်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့ အနောက်ဘက် ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ မထေရ်သည် အရှင် ဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာ တွင် တိမ်မြုပ်နေသော အနက်အဓိပ္ပာယ်တို့ကို ရှင်းလင်းဖွင့်ဆိုထားသော ဇိနတ္ထ ပကာသနီ ခေါ် ဋီကာကျမ်းကို ရေးသားစီရင်ခဲ့သည်။

## မြန်မာပြည်သို့ ရောက်လာခြင်း

ထိုဇာတ်အဋ္ဌကထာတို့သည် သီဟိုဠ်ကျွန်းမှ အောက်မြန်မာပြည် သထုံမြို့သို့ သာသနာတော် ၉၃၀ ကျော်တွင် ရောက်ရှိခဲ့သည်။ သာသနာ ၁၆၀၀ ကျော် (သက္ကရာဇ် ၄၀၀ ကျော်)လောက်တွင် သထုံမှ ပုဂံသို့ အနော်ရထာမင်း ဆောင်ယူ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး ပျံ့နှံ့လေသည်။

ဋီကာသစ်

ထို့နောက် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ပညာသာမိ သီရိကဝိ ဓဇမဟာဓမ္မရာဇာဓိရာဇာဂုရု တံဆိပ်တော်ရ ဒုတိယ မောင်းထောင်ဆရာတော် သည် အသမ္မောဟ ဝိလာသိနီဟူသော ဋီကာသစ်ကို ပါဠိဘာသာဖြင့် စီရင် ရေးသားတော်မူသည်။

ဋီကာ ဆိုသည်မှာ ပါဠိတော် အဋ္ဌကထာတို့၌ တိမ်မြုပ်ကွယ်ဝှက်သော အနက်အဓိပ္ပာယ်တို့ကို အကျယ်ရှင်းလင်းဖော်ပြသော ကျမ်းကို ဆိုသည်။

ငါးရာ့ငါးဆယ် ဇာတ် ပါဠိတော် နိသျှဟောင်းကို သာယာဝတီမင်းလက်ထက် သာသနဝံသ သီရိဓမ္မမဟာ ဓမ္မရာဇာဓိရာဇာ ဂုရု ကြခင်းဆရာတော် စီရင်၍ နိဿယသစ်ကိုမူ မင်းတုန်းမင်းကြီးလက်ထက် မေဓာဘိဝံသ သီရိသဓမ္မဇ မဟာဓမ္မရာဇာ ဓိရာဇာဂုရု ပြည်ဆရာတော် ရေးသား စီရင်တော် မူခဲ့သည်။ ဇာတ်အဋ္ဌကထာ နိသျှများကိုကား ဘိုးတော် မင်းတရား လက်ထက် တောင်တွင်းဆရာတော်၊ ပလိုင်းဆရာတော်၊ မဲထီးဆရာတော်၊ ရွှေတောင်ဆရာတော်၊ တောင်လေးလုံး ဆရာတော်၊ ကတိုးဆရာတော်၊ ဗားကရာ ဆရာတော်၊ ဆုံတားဆရာတော်၊ ပထမ မောင်းထောင် သာသနာပိုင် ဆရာတော်၊ မုန်တော ဆရာတော်၊ ညောင်ကန်ဆရာတော်၊ မင်းရွာ ဆရာတော်၊ ပထမ ဆင်တဲ ဆရာတော်တို့ ရေးသား စီရင်တော် မူခဲ့ကြသည်။

မြန်မာသက်သက် စကားပြေ ဇာတ်တော်များကို မုံတိုင်ပင် ဆရာတော်နှင့် ညောင်ကန်ဆရာတော်တို့ စီရင်သည်ဟု ပိဋကတ် သမိုင်းက ပြဆိုလေသည်။ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေများဝတ္ထုများအနက် ဝေဿန္တရာ၊ စန္ဒကုမာရ၊ ဝိဓုရ၊ မဟောသဓ၊ နာရဒ၊ ဇနက၊ နေမိ၊ တေမိဟူသော ဇာတ်တော်ကြီး ရှစ်ဘွဲ့ကို ဘိုးတော်ဘုရားလက်ထက် မင်းဘူး ဦးဩဘာသ စီရင်ခဲ့သည်။ ဘူရိဒတ် ဇာတ်တော်ကြီးကို မင်းဘူးမြို့ အနောက်လေသာကျောင်းတိုက် ဆရာတော်၏ တပည့် နန္ဒမေဓာ စီရင်ခဲ့သည်။ သုဝဏ္ဏသာမ ဇာတ်ကို မင်းဘူးမြို့ ရန်ကုန်တိုက်၊ ရန်ကုန်ဆရာတော်၏တပည့် ဦးပညာတိက္ခ စီရင်ခဲ့သည်။

အနှစ်ချုပ်

ဗုဒ္ဓဘာသာဝေါဟာရ ငါးရာ့ငါးဆယ်ဟုဆိုလျှင် ဘုရားဟောဇာတ်နိပါတ်တော်ဟု ဗုဒ္ဓဘာသာ အဝါးဝသူတိုင်း နားလည်ကြကုန်၏။ ဤ၌ နိပါတ် အမည်နှင့် ဇာတ်ဝတ္ထု သင်္ချာမျှကိုသာ အကျဉ်းရုံး၍ ဖြေသွားမည်။ [၁]

၁။ ဧကကနိပါတ် - အပဏ္ဏကဇာတ်အစ သဗ္ဗိဝဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၅၀-ပါဝင်သည်။

၂။ ဒုကနိပါတ် - ရာဇောဝါဒဇာတ်အစ ကပိဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀၀-ပါဝင်သည်။

၃။ တိကနိပါတ် -သင်္ကပ္ပရာဂဇာတ်အစ ဝကဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၅၀-ပါဝင်သည်။

၄။ စတုကနိပါတ်- ဝိဝရကလိင်္ဂဇာတ်အစ ဒေဝတာပဉ္ဟဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၅၀-ပါဝင်သည်။

၅။ ပဉ္စကနိပါတ်- မဏိကုဏ္ဍလဇာတ်အစ ကပေါတဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၅-ပါဝင်သည်။

၆။ ဆက္ကနိပါတ်- အဝါရိယဇာတ်အစ ပါရာဝတဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၀-ပါဝင်သည်။

၇။ သတ္တကနိပါတ်- ကုက္ကုဇာတ်အစ ပရန္တပဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၂၀-ပါဝင်သည်။

၈။ အဋ္ဌကနိပါတ်- ကစ္စာနိဇာတ်အစ ဒီပိဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်။

၉။ နဝကနိပါတ်- ဂိဇ္ဈဇာတ်အစ တိတ္တိရဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၂-ပါဝင်သည်။

၁၀။ ဒသကနိပါတ်- စတုဒ္ဒါရဇာတ်အစ ဃဋပဏ္ဍိတဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၆-ပါဝင်သည်။

၁၁။ ဧကာဒသကနိပါတ်- မာတုပေါသကဇာတ်အစ သုပ္ပါရကဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၉-ပါဝင်သည်။

၁၂။ ဒွါဒသကနိပါတ်- စူဠကုဏာလဇာတ်အစ မိတ္တာမိတ္တဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်။

၁၃။ တေရသကနိပါတ်- အမ္ဗဇာတ်အစ သရဘမိဂဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်။

၁၄။ ပကိဏ္ဏကနိပါတ်- သာလိကေဒါရဇာတ်အစ ဘိက္ခာပရမ္ပရဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၃-ပါဝင်သည်။

၁၅။ ဝီသတိနိပါတ်- မာတင်္ဂဇာတ်အစ အယောဃရဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၄-ပါဝင်သည်။

၁၆။ တိံသနိပါတ်- ကိံဆန္ဒဇာတ်အစ ဂန္ဓတိန္ဒုကဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၁၀-ပါဝင်သည်။

၁၇။ စတ္တာလီသနိပါတ်- တေသကုဏဇာတ်အစ စူဠသုတသောမဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း၅-ပါဝင်သည်။

၁၈။ ပဏ္ဏာသနိပါတ်- နိဠိနိကာဇာတ်အစ မဟာဗောဓိဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၃-ပါဝင်သည်။

၁၉။ သဋ္ဌိနိပါတ်- သောဏကဇာတ်အစ သံကိစ္စဇာတ်အဆုံး ဇာတ်ဝတ္ထု၂-ခုပါဝင်သည်။

၂၀။ သတ္တတိနိပါတ်- ကုသဇာတ်အစ သောဏနန္ဒဇာတ်အဆုံး ဇာတ်ဝတ္ထု၂-ခုပါဝင်သည်။

၂၁။ အသီတိနိပါတ်- စူဠဟံသဇာတ်အစ မဟာသုတသောမဇာတ်အဆုံး ဇာတ်ဝတ္ထုပေါင်း ၅-ပါဝင်သည်။

၂၂။ မဟာနိပါတ် -တေမိဇာတ်အစ ဝေဿန္တရာဇာတ်အဆုံး ဇာတ်ဝတ္ထု ၁၀-ပါဝင်သည်။

မှတ်ချက်။။ ငါးရာငါးဆယ်ဇာတ်တော်များစာရင်းတွင်၅၄၇-ဇာတ်သာရှိသည်ကို အဓိကသချာခေါ်
သချာပိုအားဖြင့် ၅၅၀ (ငါးရာ့ငါးဆယ်) ဟုခေါ်သည်။

ဇာတ်တော်တို့၏ ကာလအပိုင်းအခြား

ဤ(၅၄၇)ဇာတ်အနက် လေးဇာတ်ကို ကမ္ဘာပိုင်းခြား၍ ဆိုသည်။

ဧကနိပါတ် (ဇာတ်နံပါတ်-၃၊ သေရိဝ ဝါဏိဇဇာတ်) - ၅ ကမ္ဘာထက်

ဧကနိပါတ် (ဇာတ်နံပါတ်-၉၄၊ လောမဟံသဇာတ်) -၉၁ ကမ္ဘာထက်

ဒုကနိပါတ် (ဇာတ်နံပါတ်-၁၆၊ အရကဇာတ်) - ၇ ကမ္ဘာထက်

သတ္တနိပါတ် (ဇာတ်နံပါတ်-၁၀၊ ဗက(ဗြဟ္မာ)ဇာတ်) - တစ်ခုသောကမ္ဘာ

ကျန်သော (၅၄၃)ဇာတ်သည် ကမ္ဘာကို ခွဲခြား၍ မဆို၊ လွန်လေပြီးသောအခါ.....ဟုသာ ဆိုသည်။
ဤကမ္ဘာအတွင်း၌ ဖြစ်သည်ချည်း ယူရမည်ဟု အချို့ဆရာတို့ ဆိုကုန်သည်။